Embargoed until 11:00 Central European (Geneva) Time 22 April 2015

**၂၀၁၅ ခုဧပြီလ ၂၂ ရက် ဥရောပ အလယ်ပိုင်း ဂျီနီဗာ စံတော်ချိန် ၁၁ နာရီ မကျော်လွန်ခင် ဤသတင်းကို ထုတ်ပြန်ခွင့်မရှိပါ။**

သတင်းထုတ်ပြန်ချက်
ဂျနီဗာ၊ ဗုဒ္ဓဟူးနေ့၊ ဧပြီလ ၂၂ ရက် ၂၀၁၅

## ၂၀၁၅ Martin Ennals ဆုအတွက် လူ့ အခွင့်အရေးကာကွယ်စောင့်ရှောက်သူသုံးဦး အားပဏာမ ရွေးချယ်ခြင်း

ဤ ဆုသည် မိမိ၏အကျိုးစီးပွါးထိခိုက်မှာကို လုံး၀ အမှုမထားပဲ သတ္တိပြောင်မြောက်စွာဖြင့် အထူးသံမိဋ္ဌန်ချ ဆောင်ရွက်နေသော လူ့ အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများကို အပြည်ပြည်ဆိုင်ရာ လူ့ အခွင့်အရေး အသိုင်းအဝိုင်းမှ ရွေးချယ်ပေးအပ်ခြင်းဖြစ် ပါသည်။(အကဲဖြတ်ဂျူရီအဖွဲ့ ဝင်စာရင်းကို အောက်တွင် ဖေါ်ပြထား ပါသည်) ဆုပေးအပ်ရခြင်း၏ ရည်ရွယ်ချက်မှာ ၎င်းတို့ ၏ လုပ်ဆောင်ချက်များကို ထင်ရှားပေါ် လွင်အောင် မီးမောင်းထိုးပြရန် နှင့် ထို သို့ လုပ်ဆောင်ခြင်းဖြင့် အများ၏ အာရုံစိုက်မှုကြောင့် ၎င်းတို့ မှာ အကာအကွယ်ပိုမိုရရှိစေရန် တို့ အတွက်ဖြစ်သည်။

## ရောဘတ်စန်းအောင်(မြန်မာ)

ရောဘတ်စန်းအောင် သည် ၁၉၇၄ ခုနှစ် တက္ကသိုလ်ပထမနှစ် ကျောင်းသားဘ၀ကပင် လူ့ အခွင့်အရေး ချိုးဖေါက်မှုများကို ရဲဝံ့စွာ တိုက်ပွဲဝင်ခဲ့သူဖြစ်သည်။လှုပ်ရှားဆောင်ရွက်မှုများကြောင့်၊ သူသည်ကြိမ်ဖန်များစွာ ထောင်ကျခဲ့ရာ ထောင်ထဲတွင် ဆိုးဝါးသောအခြေအနေများတွင်နေထိုင်ခဲ့ရသည်။ထို့ အပြင် သူသည် ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်း ခံရသည့်အပြင်၊ ပုံမှန်ဆိုသလိုခြိမ်းခြောက်ခံခဲ့ရပါသည်။ သူ၏ ပညာရေးလမ်းကြောင်းမှာ ကြိမ်ဖန်များစွာ ပြတ်တောက်ခဲ့ရပြီး ၁၉၉၃ မှ ၂၀၁၂ ခုထိရှေ့ နေလိုင်စင် ပိတ်သိမ်းခြင်းခံခဲ့ရပါသည်။၂၀၁၂ ခုနှစ်တွင် ရောဘတ်စန်းအောင် သည် သူ၏အမှုလိုက်ရှေ့ နေလိုင်စင် ကို ပြန်လည်ရယူနိုင်ခဲ့ပြီးနောက်၊ အကျဉ်းကျ အပြစ်ပေးခံနေရသော ကလေး စစ်သားအမှု၊ လက်ပန်းတောင်းတောင် ကြေးနီမိုင်း တွင် လှုပ်ရှားဆန္ဒပြသူများအမှု၊နိုင်ငံရေးနှင့်ပတ်သက်ပြီး ငြိမ်းချမ်းစွာဆန္ဒပြကြသော သူများအမှု၊ စစ်တပ်၏ မြေသိမ်းခြင်းခံရသော သူများအမှု နှင့် တက်ကြွလှုပ်ရှားသူ ကျောင်းသားများအမှု၊ စသောအမှုမြောက်များစွာကိုလိုက်ပါဆောင်ရွက်ပေးခဲ့သည်။ သူ၏ ရှေ့ နေဘ၀ တလျှောက်လုံးတွင် အခွင့်အရေးချိုးဖေါက်ခံရသူများဘက်မှ ဥပဒေအကျိုးဆောင်အဖြစ်ဆောင်ရွက်ရာတွင် သော်၎င်း၊ ဥပဒေ ပိုင်းဆိုင်ရာ အကြံပေးရာတွင်၎င်း၊ အများအားဖြင့် အခမဲ့ လိုက်ပါဆောင်ရွက်ခဲ့ပါသည်။

ရောဘတ်စန်းအောင်က ခုလို ပဏာမ ရွေးချယ်ခြင်းခံရ သည့်အတွက် ပြောကြားရာတွင်၊ " သိက္ခာကြီးမားလှတဲ့ (Martin Ennals) ဆု ဆန်ခါတင်စာရင်းမှာ အမည်စာရင်းတင်သွင်းခြင်းခံရသည့် အတွက် ကျေနပ်အနေနဲ့ အလွန်အမင်းဂုဏ်ယူပြီး ဒါဟာအင်မတန်ကြီးမြတ်တဲ့ ချီးမြှင့်မှု လို့ ခံယူပါတယ်။

တချိန်တည်းမှာပဲ ကျနော့်ကို ဆုအတွက် ပဏာမရွေးချယ်လိုက်ခြင်းဟာ၊ ကျနော်နဲ့ အတူ၊ တန်းတူညီမျှရေး၊ တရားမျှတမှုရရှိရေး၊ ဒီမိုကရေစီအရေး၊ တို့ အတွက် တိုက်ပွဲဝင်နေတဲ့၊ တက်ကြွလှုပ်ရှားသူတွေ၊ လူ့ အခွင့်အရေးကာကွယ်စောင့်ရှောက်သူတွေကိုလည်း၊ သင်တို့ ကို ကမ္ဘာကြီးကမေ့လျော့မထားဘူး လို့ သတင်းစကားပါးလိုက်တာနဲ့ အတူတူပဲဖြစ်ပါတယ်။ဒီဆုဟာ ကျနော်တယောက်တည်းကိုသာမက၊ မြန်မာပြည် တွင်းမှာ ကုလသမဂ္ဂလူ့ အခွင့်အရေးစာတန်းပါ အခြေခံမူများနဲ့ အညီ၊တရားမျှတတဲ့ဥပဒေများအောက်၊ လူသားဂုဏ်သိက္ခာနဲ့ အညီ၊ နေထိုင်နိုင်ရေးအတွက်၊ ရုန်းကန် လှုပ်ရှားကြသော မြန်မာပြည်သူပြည်သား များကိုပါ ရည်ညွှန်းတာဖြစ်ပါတယ်။" လို့ ပြောကြားပါသည်။

## အက်(စ)မာအူ ဒီယာလို (ဂီနီ)

အက်(စ)မာအူ ဒီယာလို (Asmaou Diallo) ၏ လူ့ အခွင့်အရေးတိုက်ပွဲဝင်မှုများသည် ၂၀၀၉ ခုနှစ် စက်တင်ဘာ ၂၈ ရက်နေ့ တွင် ဂီနီ စစ်တပ်က ငြိမ်းချမ်းစွာဆန္ဒပြကြသူများကို တိုက်ခိုက်ခဲ့ပြီး နောက်ပိုင်းတွင်အစပြုခဲ့သည်။ ဤဖြစ်ရပ်တွင် သူ၏သားအပါအဝင် လူပေါင်းတရာ့ငါးဆယ်ကျော် သေဆုံးခဲ့ရပြီး၊ အမျိုးသမီး ၁၀၀ ကျော် မုဒိန်းကျင့်ခံခဲ့ရသည်။ထို့ အပြင်ရာပေါင်းများစွာ ထိခိုက်ဒဏ်ရာရခဲ့ပါသည်။သူနှင့် သူတည်ထောင်ခဲ့သော AVIPA ခေါ် ၂၀၀၉ စက်တင်ဘာ ၂၈ ဖြစ်ရပ်တွင် သေဆုံးထိခိုက်ဒဏ်ရာရသူများ၊မိဘနှင့် မိတ်ဆွေများ အသင်းမှ တရားဥပဒေအတိုင်အရေးယူရေး၊ နှင့် အကျူးလွန်ခံရသော ကာယကံရှင်များကို စောင့်ရှောက် ကူညီပေးရေးများလုပ်ဆောင်ခဲ့သည်။ လိင်ပိုင်းဆိုင်ရာ ကျူးလွန်ခြင်းခံရသူများအတွက် ဆေးဝါးကုသပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပြုလုပ်နိုင်ရန်ကူညီခြင်း ပြုလုပ်ပေးခဲ့သည်။ အများအားဖြင့် ထိုသူများမှာ မိမိတို့ အိမ် ကိုပြန်သွားနိုင်ခြင်းမရှိတော့ပါ။ အက်(စ)မာအူ ဒီယာလို သည်တရားရုံးတွင် လာရောက်ထွက်ဆိုနိုင်ရန်၊ သက်သေများကို တိုက်တွန်းအားပေးခဲ့သည့်အပြင်၊ကူညီ ပံ့ပိုးခဲ့သည်။ထို့ ကြောင့် လောလောဆယ်တွင်၊ အဆင့်မြင့်စစ်အရာရှိများအပါအဝင် လူပေါင်း ဆယ့်တစ်ဦးကို တရားစွဲဆိုနိုင်ပြီဖြစ်သည်။

သူ့ ကို ရွေးချယ်မှုနှင့်ပတ်သက်၍ ပြောကြားရာတွင်၊ အက်(စ)မာအူ ဒီယာလို က "ဂီနီ နိုင်ငံက လူ့ အခွင့်အရေး ကာကွယ်စောင့်ရှောက်သူတဦးအနေနဲ့ Martin Ennals ဆုမှာ ပဏာမရွေးချယ်ခံရတဲ့အတွက် အထူးစိတ်ချမ်းမြေ့ရပါတယ်၊ ဒီဆုဟာ ဂီနီနိုင်ငံမှာ လူ့ အခွင့်အရေးတွေ ကာကွယ်စောင့်ရှောက်မြှင့်တင် ရေး အတွက်၊ ဆက်လက်တိုက်ပွဲဝင်ဖို့ ကျမကို အားပေးလိုက်တာပါပဲ၊ ခုလို အမည်စာရင်း တင်သွင်းခြင်း ခံရတာကြောင့် ၂၀၀၉ခု စက်တင်ဘာ၂၈ရက် ဖြစ်ရပ်နဲ့ ပတ်သက်၍ တရားရင်ဆိုင်မှုများတွင်၊ အပြု သဘော ဆောင်တဲ့ အကျိုးသက်ရောက်မှုများကျရောက်ပြီး၊ ဂီနီနိုင်ငံရှိ လူ့ အခွင့်အရေး ကာကွယ် စောင့်ရှောက်သူ အားလုံးအတွက်အင်အားတခုဖြစ်စေမယ်လို့ ယုံကြည်ပါတယ် " ဟုပြောဆိုပါသည်။

## အာမက် မန်ဆူး (အာရပ်စော်ဘွားနိုင်ငံများပြည်ထောင်စု)

၂၀၀၆ ခုမှစ၍ အာမက်မန်ဆူး (Ahmed Mansoor) သည် လွပ်လပ်စွာပြောဆိုရေးသားခွင့်၊ နိုင်ငံသားအခွင့် အရေး နှင့် နိုင်ငံရေးရပိုင်ခွင့်များ ဆိုင်ရာလှုပ်ရှားမှုများကို ဦးစားပေး ဆောင်ရွက်ခဲ့သည်။ သူသည် ၂၀၀၆ -

၂၀၀၇ ခုနှစ်များအတွင်း လူမှုရေးဆိုင်ရာ ဝေဖန်ပြောဆိုမှုများကြောင့် ထောင်ကျနေသူနှစ်ဦး အတွက် လှုပ်ရှားမှု တခု အောင်မြင်စွာဆောင်ရွက်ခဲ့သည်။ ထိုသူနှစ်ဦးအားစွဲဆိုထားမှုများကို ပယ်ဖျက်၍ ထောင်မှ လွှတ်ပေးခဲ့သည်။များမကြာမီ၊ အာရပ်စောဘွားနိုင်ငံများပြည်ထောင်စု (UAE) ၏ ဝန်ကြီးချုပ်ဖြစ်သူက၊ စာနယ်ဇင်း သမားများကို သူတို့ လုပ်ငန်းဆောင်ရွက်ချက်နှင့်ပတ်သက်၍ ထောင်မချဖို့ အမိန့် ထုတ်ပြန်ခဲ့သည်။ အာရပ်စောဘွားနိုင်ငံများပြည်ထောင်စုတွင်၊ သူသည် လူ့ အခွင့်အရေးအခြေအနေများနှင့်ပတ်သက်၍ ပကတိ အခြေအနေမှန်အတိုင်း လွပ်လပ်စွာသုံးသပ်ပြောဆိုနိုင်သူပုဂ္ဂိုလ် အနည်းငယ်ထဲမှ တဦးဖြစ်သည်။ သူသည် တရားလက်လွတ် ဖမ်းဆီးထိမ်းသိမ်းမှု၊ ညှင်းပမ်းနိုပ်စက်မှု၊ မှန်ကန်မျှတသော တရားစီရင်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ စံနှုံးများကိုစွ၊လွပ်လပ်ပြီးဘက်လိုက်မှုမရှိသော တရားစီရင်ရေးစနစ်၊ အပြည်ပြည်ဆိုင်ရာ ဥပဒေ ကိုဖေါက်ဖျက်နေသော ပြည်တွင်းဥပဒေ၊ စသည့်အရေးကိစ္စများတွင် မှန်မှန်ကြီး ဝေဖန်ပြောဆိုသူ ဖြစ်သည်။ သူသည်၂၀၁၁ ခုတွင် ထောင်ချခံခဲ့ရပြီး၊ ထိုအချိန်မှစ၍ နိုင်ငံကူးလက်မှတ်ထုတ်မပေးဘဲ၊ ပြည်ပခရီးသွားလာ ခွင့် ပိတ်ပင်ခံရသူဖြစ်ပါသည်။

သူက " ခုလို Martin Ennals ဆုအတွက် ပဏာမ ရွေးချယ်ခြင်းခံရတဲ့အတွက် အထူးဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်၊ ခုလိုအသိမှတ်ပြုခြင်းသည်၊ ကျနော်တို့ ဟာ ဒီကမ္ဘာခြမ်းမှာအထီးကျန်မဟုတ်ဘူး၊ကျနော်တို့  ရဲ့ အသံတွေဟာပဲ့တင်ထပ်သလို၊ ကျနော်တို့ ရဲ့ ကြိုးစားမှုကို သိနားလည်သူတွေအားလုံးက တန်ဖိုးထားတယ် ဆိုတာပြသလိုက်တာပဲဖြစ်ပါတယ်။ ဒီဆုဟာ UAE နိုင်ငံရဲ့ လူ့ အခွင့်အရေးအခြေအနေကို မီးမောင်းထိုးပြလိုက်တာဖြစ်ပြီး၊ မိုးထိတိုက်များ၊ ကုန်တိုက်ကြီးများ နဲ့ စွဲမက်စရာစီးပွါးရေးအခွင့်အလမ်းများ ရဲ့ နောက်ကွယ်၊ အခြားသော ရုန်းကန်လှုပ်ရှားမှုတည်ရှိနေကြောင်းလည်းညွှန်ပြရာရောက်မယ်လို့  မျှော်လင့်ပါ တယ်" ဟုပြောဆိုပါသည်။

ဆုကို အောက်တိုဘာ ၆ ရက်နေ့ တွင် ဂျီနီဗာ မြို့ ကအိမ်ရှင်အဖြစ်ကျင်းပသောအခမ်းအနား၌ ပေးအပ်မည် ဖြစ်သည်။

## လူ့ အခွင့်အရေး လှုပ်ရှားမှုအတွက် အဓိကဖြစ်သော၍ဆု

လူ့ အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအတွက် Martin Ennals ဆု (Martin Ennals Award for Human Rights Defenders) (MEA) သည် တကမ္ဘာလုံး ရှိလူ့ အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကို အကာအကွယ်ပေးရေးအတွက် ကမ္ဘာ့ထိပ်တန်း လူ့ အခွင့်အရေးအဖွဲ့ အစည်း ဆယ်ခု ပူးပေါင်းဆောင်ရွက် ချီးမြှင့်သောဆုဖြစ်သည်။ဆုရွေးချယ်ရေးအဖွဲ့ (ဂျူရီ) တွင် အောက်ဖေါ်ပြပါ NGO များပါဝင်သည်။

-Amnesty International
-Human Rights Watch
-Human Rights First
-International Federation for Human Rights
-World Organisation Against Torture
-Front Line Defenders

-International Commission of Jurists
-EWDE Germany
-International Service for Human Rights
-HURIDOCS

Electronic version: http://bit.ly/1DYqlFn

အသေးစိတ်သိလိုပါက၊ *Michael Khambatta +41 79 474 8208*
*khambatta@martinennalsaward.org* or visit *www.martinennalsaward.org*
ကိုဆက်သွယ်ပါ